ဘုရားကြီးကုန်းကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုရားကြီးကုန်းကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၁ခုနှစ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ/ရာသီခွင်ပြ ပြကွဒိန်	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

သြဂုတ်လ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဘုရားကြီးကုန်းကျေးရွာ
ရွာင်မြို့နယ်

ဘုရားကြီး ကျွန်းဈေး ရွာ သယံဇာတပြ မြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ဘုရားကြီးကုန်းကျေးရွာသည် ရွာငံမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော ကျေးရွာဖြစ်ပါသည်။ ဘုရားကြီးကုန်းကျေးရွာသည် ရွာငံမြို့နှင့် (၂၂) မိုင်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူပါသည်။ အနီးဝန်းကျင်တွင် ကျေးရွာများတည်ရှိပြီး ရွာ၏တောင်ဘက်တွင် ရေထွက်တောရှိသည်။ ရွာ၏ အရှေ့ဘက်တွင် ရိုးမတောင်တန်းကြီး ဆက်သွယ်နေပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသတွင်ရှိပြီး ရာသီဥတုကောင်းမွန်သည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ရေ၊ ရေထွက်တော၊ ကျောက်တောင်၊ သဲတောင်စသည်တို့ရှိပါသည်။ ရေထွက်တောအတွင်း၌ ဆေးဖက်ဝင်အပင်များနှင့် ကောဖီ၊ လက်ဖက်၊ ဝါးနှင့် ထောပတ်ပင်များ စိုက်ထားပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ဘုရားကြီးကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၆၈) စုနှင့် ကျား (၅၃၀) ဦး၊ မ (၅၇၀) ဦး၊ လူဦးရေ စုစုပေါင်း (၁၁၀၀) ဦး ရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး ပအိုဝ်းလူမျိုးအနည်းငယ်သာနေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၇၅%) ရှိပြီး အမျိုးသားနည်းတူ အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ပရဟိတအဖွဲ့ တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ကိုင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော Pact Myanmar အဖွဲ့နှင့် မြစိမ်းရောင်စီမံကိန်း၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ချေးငွေတို့မှ ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက် လိုအပ်သော ချေးငွေများကို ထုတ်ချေးနိုင်ပါသည်။

အခြားပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဘုရားကြီးကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာ ယာမြေ (၇၀၀) ဧကကျော်နှင့် မြေလွတ်မြေလပ် ၈က (၁၅၀) ကျော်၊ လက်ဖက် ၈က (၃၀၀) ကျော်၊ ကော်ဖီ ၈က (၄၀၀) ကျော် စုစုပေါင်း၈က (၁၅၅၀) ကျော်ရှိပါသည်။ (၂.၁) ဧကအောက် ဆင်းရဲသားတောင်သူ (၇၀) စု၊ (၂.၅) အထက်တောင်သူ အိမ်ထောင်စု (၁၆၈) စု၊ (၅.၁၀) ကြား တောင်သူအိမ်ထောင်စုဖြစ်ပြီး (၁၀) ဧကနှင့် အထက် တောင်သူ (၂၀) ဦးခန့်ရှိပါသည်။ အဓိကအားဖြင့် စပါး၊ ပဲအမျိုးမျိုး၊ လက်ဖက်၊ ကော်ဖီ၊ ထောပတ်စိုက်ပျိုးကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက်လုပ်ငန်းခွင်တွင်လည်းကောင်း အခြားမြို့သို့ သွားရောက်၍ ရရာအလုပ်ကို လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်သည့်အလျောက် သီးနှံ ဈေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးကို ဝမ်းစာ

အတွက်စိုက်ပျိုးကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိခြင်း၊ မြေဆီလွှာမရှိခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းများရှိနေပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာများကို အောင်ပန်း၊ မြင်းကျဒိုလ်း၊ မြိုင်၊ ရွာငံ စသည့်မြို့များတွင် သွားရောက်ဝယ်ယူနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဘုရားကြီးကုန်းကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၇၀) ကျော်ရှိပြီး နွားကောင်ရေ (၂၀၀)ကျော်၊ ကျွဲမွေးမြူထားသော အိမ်ထောင်စု (၁၈၀) ကျော် ကျွဲကောင်ရေ (၁၆၀) ကျော်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၁၀၀) ဝက်ကောင်ရေ (၁၂၀) အများစုမှာ တပိုင်တနိုင် မွေးမြူသည့်အိမ်ထောင်စုဖြစ်ပြီး နွားနှင့် ကျွဲ ၊ ဝက်များကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြသည်။ ကျွဲ၊ နွားသောက်သုံးရေကန် အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုမရှိပါ။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

ဘုရားကြီးကုန်းကျေးရွာတွင် ငါးလုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ဘုရားကြီးကုန်းကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်မှုရှိပါသည်။ ကျပန်းလုပ်သားများ၊ နေ့စား အဌားလိုက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခွင့်အလမ်းများအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်အတင့်ရှိပါသည်။ ဘုရားကြီးကုန်းကျေးရွာ တွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဘုရားကြီးကုန်းကျေးရွာတွင် အခြားအဖွဲ့အစည်းဖြစ်သော Pact Myanmar အဖွဲ့၊ မြစိမ်းရောင်ကျေးလက်စီမံကိန်း၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ချေးငွေတို့ရှိကြပါသည်။ ၎င်းတို့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူပြီး သတ်မှတ်သောအချိန်တွင် ပြန်လည်ပေးဆပ်ကြပါသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး ဝင်ငွေရရန်၊ လုပ်ငန်းလုပ်ကိုင်ရန် အတွက် ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဘုရားကြီးကုန်းကျေးရွာတွင် သွားလာရလွယ်ကူရန်အတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ ထော်လော်ကျီများ အဓိကထား၍ အသုံးပြုပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ ကျေးရွာတွင် ကတ္တရာလမ်း ဖြစ်၍ လွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးပြုပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၀၀) လုံး၊ တီဗွီ (၈၀) လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းပညာရေးကို သင်ကြားပြီး အထက်တန်းပညာရေးကို မြင်းကျဒိုး ကျေးရွာ၊ မြိုင်ကျေးရွာ နှင့် ရွာငံမြို့သို့ သွားရောက်၍ သင်ကြားကြပါသည်။ ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာတတ်မြောက်ပါသည်။ ယခုအခါ အထက်တန်းတက္ကသိုလ်ပညာတတ်မြောက်သူများလည်းရှိသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားစေရန်အတွက် ပညာရေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ ကျောင်းပရိဘောဂ၊ အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမမှီ အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဘုရားကြီးကုန်းကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ရွာလယ်ဆေးခန်းတွင် ရရှိနိုင်ပါ သည်။ ရွာသူ/ သားများ ကြီးကြီးမားမား ကျန်းမာရေးဖြစ်ပါက ကျေးရွာနှင့် (၂၂) မိုင်ကွာဝေးသော ရွာငံ ဆေးရုံသို့ သွားရောက်ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် ရေလှောင်ကန်များမှတစ်ဆင့် ရရှိပါသည်။ ကျေးရွာအတွင်း သောက်သုံးရေ အဆင်ပြေရရှိပါသည်။

ဘုရားကြီးကုန်းကျေးရွာတွင် ကျေးရွာလုံးကျွတ် ရေလှောင်အိမ်သာများကို အသုံးပြုပါသည်။ ကျန်းမာရေးအတွက် ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပါ။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန် နည်းလမ်းများ စီစဉ်ထားမှုမရှိပါ။

၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား/ သမီး ဦးရေမှာ တန်းတူရရှိပါသည်။ ကျေးရွာအဖွဲ့အစည်းတွင် အမျိုးသမီးများ ပါဝင်နိုင်မှု ရှိလာပါသည်။ သာရေး၊ နာရေးလုပ်ငန်းများတွင်လည်း ပါဝင်မှုရှိသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသမီးများပါဝင်အောင် စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ ဘုရားကြီးကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်– ဘုရားကြီးကုန်းကျေးရွာအုပ်စု ကျေးရွာအမည်–ဘုရားကြီးကုန်းကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ပညာရေး	ကျောင်းပြင်ပ ပညာရေး	ကျောင်းစာကြည့်တိုက် တည်ဆောက်ရန်၊ ဝန်ထမ်းအိမ်ယာ တည်ဆောက်ရန်၊ ကျောင်းသွားလမ်း ပြုပြင်ရန်	
၂။	ငွေကြေး	ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု	အတိုးနှုန်းသက်သာ သောချေးငွေရရှိရန်	
၃။	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ ကျေးလက်အခြေပြု လူထုအခြေပြု ကျန်းမာရေးဝန်ဆောင်မှု	ကျန်းမာရေး၊ ပညာရေး ဟောပြောပွဲများ ပြုလုပ်ရန်၊ ဆေးခန်း အုတ်တံတိုင်းများပြုလုပ်ရန်	

ဘုရားကြီးကုန်းကျေးရွာ　　ကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးမိုးမင်းဝင်း	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၄၄၅၇၅	၀၉-၂၆၄၇၆၅၉၂၈	
၂။	ဒေါ်သူဇာဖြိုး	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၇၁၅၅၄	၀၉-၄၀၂၆၃၁၇၅၀	
၃။	ဦးသန်းထွန်းမြတ်	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၇၉၉၄	၀၉-၆၈၅၅၂၉၄၀၆	
၄။	ဦးစိုးအောင်	ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၂၁၄၂၆	၀၉-၈၉၈၂၆၄၂၀၄	
၅။	ဒေါ်ဇင်မာမျိုး	ဝယ်/ဆပ်ကော်မတီ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၆၁၄၆၁	၀၉-၄၂၅၇၂၁၈၃၆	
၆။	ဦးသန်းဇော်ထူး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၄၁၇၄	၀၉-၂၆၅၅၇၆၆၅၁	
၇။	ဒေါ်မိုးမိုး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၇၁၅၆၇	၀၉-၄၅၆၈၂၃၁၀	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ဘုရားကြီးကုန်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	စိုက်ပျိုးရေးမွေးမြူရေးနှင့်အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်အခွင့်အလမ်းနည်းပါးခြင်း	အရင်းအနှီးလုံလောက်စွာ မရှိ ခြင်း			သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန်
၂။	ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာများ မရရှိခြင်း	ကျန်းမာရေးအသိပညာအားနည်းခြင်း			ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန် လိုအပ်ခြင်း
၃။	ကုန်ထုတ်လမ်းများ ခက်ခဲခြင်း	စိုက်ပျိုးရေးထွက်ကုန်များနည်းပါးခြင်း			သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လမ်းများပြုပြင်ရန် လိုအပ်ခြင်း

ဘုရားကြီးကုန်းကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁။	အတိုးနှုန်းသက်သာသောချေးငွေ ရရှိရန်	၁	၂	၂	၂	၂	
၂။	ကျန်းမာရေးဟောပြောပွဲများ ရရှိရန်	၂		၂	၂	၂	၂
၃။	ကျွဲ၊ နွား သောက်ရေကန် ရရှိရန်	၃		၂	၂	၂	၂
၄။	ကုန်ထုတ်လမ်း ရရှိရန်	၄				၂	၂